# (၃၄) ကြိမ်မြောက် သာမန်တနင်္ဂနွေနေ့။
# ကျွန်ုပ်တို့သခင်ယေရှုခရစ်တူးဘုရင်ပွဲတော်ကြီး

**ပထမကျမ်း။**

**"အစ္စရေး လူမျိုးအဖို့ဒါဝိတ်အား ဘုရင်အဖြစ် ဆီလောင်းဘိသက်ပေးကြလေ၏။"**

***ဓမ္မရာဇဝင် ဒုတိယစောင် (သို့မဟုတ်) ဆာမွေအဲလ်ဒုတိယစောင် - ၅၊ ၁ မှ ၃။***

ထိုအခါ အစ္စရေးအမျိုးအနွယ်အပေါင်းတို့သည် ဟေဗရွန်အရပ်၌ရှိသော ဒါဝိတ်၏အထံသို့လာကြ၍ အကျွန်ုပ်တို့သည်ကိုယ်တော်၏အရိုး၊ ကိုယ်တော်၏အသားများသာဖြစ်ကြပါသည်။ သို့သော်လွန်ခဲ့သောအချိန် ကာလကစောလူးသည် ကျွန်ုပ်တို့ကိုအုပ်ချုပ်စဉ်ကိုယ်တော်သည်အစ္စရေးအမျိုးသားတို့ကို ဦးဆောင်ခဲ့ပေ၏။ သခင်ဘုရားကလည်း "သင်သည် ငါ၏လူမျိုးအစ္စရေးကို ထိန်းကျောင်း၍ အစ္စရေးလူမျိုးကို ဦးဆောင်ရမည်"ဟု သင့်အား မိန့်တော်မူခဲ့၏။ အစ္စရေးလူမျိုး၊ လူကြီးခေါင်းဆောင်အပေါင်းတို့သည်လည်း ဟေဗရွန်အရပ်ရှိ ဘုရင့်ထံသို့လာကြသဖြင့်ဒါဝိတ်မင်းကြီးသည် ဟေဗရွန်အရပ်၌ သခင်ဘုရား၏ မျက်မှောက်တွင်သူတို့နှင့် ပဋိညာဉ်ချုပ်ဆိုကြ၏။ သူတို့သည်လည်း ဒါဝိတ်အားအစ္စလူမျိုး၏ ဘုရင်အဖြစ်ဆီလောင်းဘိသိက်ပေးကြလေ၏။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်း ကျေးခြင်း။**

**ဆာလံ-၁၂၂။**

သံပြိုင်။ ။ ဘုရားသခင်၏ ဗိမာန်တော်သို့ရွှင်လန်းဝမ်းမြောက်စွာသွားကြကုန်အံ့။

☐ ဘုရားသခင်၏ဗိမာန်တော်သို့သွားကြမည်ဟု ကျွန်ုပ်အားပြောသောအခါ ကျွန်ုပ်သည် ဝမ်းမြောက်မိပါ၏။ အိုဂျေရုဇလင် သင်၏မြို့တွင်းသို့ကျွန်ုပ်တို့ရောက်ရှိနေကြပါပြီ။ (သံပြိုင်)

☐ အစ္စရေးလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း ဘုရားသခင်ရွေးကောက်တော်မူသော လူမျိုးတို့သည် ဘုရားကိုဝတ်ပြုကိုးကွယ်ရန် ထိုမြို့သို့တက်ရောက်ကြရ၏။ ထိုမြို့၌တရားစီရင်ရာဌာနများနှင့်ဒါဝိတ်မင်းမျိုးအဆက်ဆက်၏ ရာဇပလ္လင်လည်းတည်ရှိ၏။ (သံပြိုင်)

**ဒုတိယကျမ်း။**

## "ကျွန်ုပ်တို့ကို မိမိချစ်မြတ်နိုးတော်မူသော သားတော်၏ နိုင်ငံတော်သို့ ကူးပြောင်းစေတော်မူသည်။"

***မွန်မြတ်သောတပည့်တော်ကြီး သံပေါလူး၊ ကောလောသဲမြို့သားတို့ထံရေးသောစာ၊ (၁၊ ၁၂ မှ ၂၀ အထိ)***

ညီအစ်ကိုတို့-

ရဟန္တာအပေါင်းတို့ ခံစားအံ့သောအလင်းတော်၌ပါဝင်အမွေခံပိုင်ခွင့်ကို ကျွန်ုပ်တို့အားပေးတော်မူသော အဖ၊ ခမည်းတော်ဘုရားအား ကျွန်ုပ်တို့ကျေးဇူးတင်ကြပါသည်။ ကိုယ်တော်သည် အမိုက်မှောင်၏ တန်ခိုးအာဏာ လက်မှကျွန်ုပ်တို့ကို ကယ်ဆယ်တော်မူ၍ မိမိချစ်မြတ်နိုးတော်မူသော သားတော်၏ နိုင်ငံတော်သို့ ကူးပြောင်းစေ တော်မူသည်။ ထိုသားတော်၏ သွေးတော်အားဖြင့် အပြစ်တို့ကိုအခွင့်ချမ်းသာပေးခြင်းတည်းဟူသော ကယ်တင်ခြင်း ချမ်းသာကိုကျွန်ုပ်တို့ရကြသည်။ ကိုယ်တော်သည် မျက်စိနှင့်မမြင်ရသောဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင် သာဦးလည်းဖြစ်တော်မူသည်။ အကြောင်းမူကား ကောင်းကင်ဘုံ၌ လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ ရှိကြသောမြင်နိုင်သော အရာများနှင့် မမြင်နိုင်သောအရာများဖြစ်စေ၊ ထီးနန်းရှင်များ၊ အုပ်စိုးသူများ၊ အချုပ်အချာ အာဏာပိုင်များ၊ တန်ခိုးတော်ရှင်များစသော သိကြားတမန်များဖြစ်စေ၊ အားလုံးတို့သည် ခရစ္စတူးသခင်၌ ဖန်ဆင်းခြင်းခံကြရသည်။ ခပ်သိမ်းသောအရာတို့သည် သားတော်အဖို့ လည်းကောင်း၊ သားတော်အားဖြင့် လည်းကောင်း ဖန်ဆင်းခြင်းခံကြရသည်။ မည်သည့်အရာမျှမရှိမဖြစ်မီ သားတော် သည်တည်ရှိတော်မူ၏။ အရာခပ်သိမ်းတို့သည် ထိုသားတော်၌ တည်နေကြ၏။ ကိုယ်တော်သည် မိမိကိုယ်ခန္ဓာ တည်းဟူသော အသင်းတော်ဦးခေါင်းဖြစ်တော်မူသည်။ အရာခပ်သိမ်းတို့၏အစမူလဖြစ်၍ သေသောသူတို့တွင် သားဦး လည်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အရာရာတို့၌ ကိုယ်တော်သည် အလျင်အဦးဖြစ်ရမည်။ စုံလင်ခြင်းဟူသမျှ သားတော်၌ပြည့်စုံစေခြင်းငှာ ဘုရားသခင်အလိုရှိတော်မူသည်။ လက်ဝါး ကပ်တိုင်ပေါ်၌ သွန်းလောင်းသောသွေး အားဖြင့်ရန်ငြိမ်းစေ၍ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ ရှိကြသော အရာခပ်သိမ်းတို့ကို သားတော်အားဖြင့် ပြန်လည်မိတ်သဟာရဖွဲ့ရန် အလိုရှိတော်မူ၏။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**အာလေလူယား။ (မာရ်ကူး - ၁၁၊ ၁၀)**

အာလေလူယား။ ။သခင်ဘုရား၏ နာမတော်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသော်။ ရောက်လာသောငါတို့ အဖဒါဝိတ်၏နိုင်ငံတော်သည် မင်္ဂလာရှိစေသော်။ အာလေလူယား။

**ဇဝံဂေလိကျမ်း။**

## “ကိုယ်တော်ဘုရား ကိုယ်တော်၏ နိုင်ငံတော်သို့ ရောက်တော်မူသော ကျွန်ုပ်ကိုအောက်မေ့တော်မူပါ။”

***သံလူကား ရေးထားသော သန့်ရှင်းသောဇဝံဂေလိကျမ်း။ (၂၃၊၃၅မှ၄၃အထိ)***

ထိုကာလ၌ လူများသည် ရပ်လျက်ကြည့်နေကြ၏။ သူတို့နှင့်တကွ မင်းအရာရှိများတို့ကလည်း သူသည် သူတစ်ပါးတို့ကိုကယ်တတ်၏။ ဘုရားသခင်ရွေးကောက်သောသူ ခရစ္စတူး၊ ဤသူဖြစ်လျှင်မိမိကိုယ်ကို မိမိကယ်ပါ စေဟုဆို၍ပျက်ရယ်ပြုကြ၏။ စစ်သူရဲတို့သည်လည်း ချဉ်းကပ်ကြ၍ ကိုယ်တော်ကိုပျက်ချော်ပြု၍ ပုန်းရည်ကို  ပေးကြသဖြင့်သင်သည် ဇူဒေဦးတို့ရှင်ဘုရင်ဖြစ်လျှင် သင့်ကိုယ်ကိုသင်ကယ်ပါဟုဆိုကြ၏။ ကိုယ်တော်၏အပေါ် ကလည်းဤသူသည် ဇူဒေဦးတို့ရှင်ဘုရင်တည်းဟု ဂရိတ်၊ လာတင်း၊ ဟေဗြေအက္ခရာတို့ဖြင့် ရေးထားသောလိပ် စာရှိ၏။ ဆွဲထားသောဓါးပြနှစ်ယောက်တို့တွင် တစ်ယောက်ကသင်သည် ခရစ္စတူးဖြစ်လျှင်သင့်ကိုယ်ကိုလည်း ကောင်း၊ ငါတို့ကိုလည်းကောင်း၊ ကယ်ပါလော့ဟု ကိုယ်တော်ကို ထိခိုက်၍ဆို၏။ တစ်ယောက်ကမူကား သူ့ကိုဆုံးမ၍သင်သည်လည်း ထို့အတူအပြစ်စီရင်ခြင်းကို ပင်ခံရလျက် ဘုရားသခင်ကိုမကြောက်သလော။ ငါတို့မှာ တရားသဖြင့်ခံရ၏။ အကြောင်းမူကား ကိုယ်ပြုမိသည်နှင့် အလျောက်ထိုက်တန်စွာခံရ၏။ ဤသူမူကား အဘယ် မကောင်းမှုကိုမျှမပြုဟုဆိုပြီးမှ ယေဇူးအားလျှောက်ထားသည်ကား ကိုယ်တော်ဘုရားကိုယ်တော်၏ နိုင်ငံတော်သို့ ရောက်တော်မူသော အခါကျွန်ုပ်ကို အောက်မေ့တော်မူပါ။ ယေဇူးကလည်း သင့်အားငါအမှန်ဆိုသည်ကားသင်သည်ငါနှင့်အတူ ယနေ့တွင်ပါရာဒီဇူး၌ ရှိလိမ့်မည်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*